## ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒ လေ့လာရေး ကျောင်းတော်သားစု၏ အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲကော့မှူးမြို့တွင်ကျင်းပ





ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒ လေ့လာရေး ကျောင်းတော်သားစု၏ အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲကို ၉.၆.၀၇ ရက်နေ့ မွန်းတည့် ၁၂ နာရီအချိန်က ရန်ကုန်တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ မြို့မရပ်ကွက်ရှိ ရုပ်ရှင်ရုံခန်းမတွင်ကျင်းပရာ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေးကျောင်းတော်သားစုဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးကြည်ဝင်း၊ နုတ်ထွက် NLD ၊ ဝံသာနု NLD တို့မှ ပုဂ္ဂိုလ်များ၊ တစ်သီးပုဂ္ဂလရွေးချယ်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားခံရသောဂျာနယ်အသီးသီးမှအယ်ဒီတာချုပ်များ၊ အယ်ဒီတာများနှင့်သတင်းထောက်များ၊ ဒလ၊ တွံတေး၊ကော့မှူးမြို့နယ်များမှ စိတ်ပါဝင်စားသူများ၊ စုစုပေါင်း ၁၀၀၀ ကျော်တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေး ကျောင်းတော်သားစုမှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးတင်စိုးမှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး သဘာပတိမိန့်ခွန်းပြောကြားခြင်း၊ ဝံသာနုNLD မှ ဒေါက်တာစိုးလင်း၊ အမျိုးသားညီလာခံကိုယ်စားလှယ်နှင့် မင်္ဂလာဒုံမဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးကြည်ဝင်း၊ တောင်တွင်းကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းကြည်၊ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒ လေ့လာရေးကျောင်းတော်သားစုမှ ဦးအုန်းလွင်၊ ဒီမို NLD မှဦးဘိုသောင်း၊ မန္တလေးမြို့ နုတ်ထွက် NLD မှ ဒေါ်နန်းရွှေကြာ၊ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေးကျောင်းတော်သားစုမှ အထွေထွေအတွင်းရေးမှူး ဦးထွန်းအောင်ကျော် (စာရေးဆရာအောင်မိုးစံ) တို့မှ ယနေ့ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေများ၊ အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုးပမ်းချက်များ၊ တပ်မတော်နှင့်ညီနိုင်း၍ နိုင်ငံတော်တည်ဆောက်ရေးကြိုးပမ်းနေမှုများ၊ ပြည်ပနိုင်ငံအချို့၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုများ၊ NLD ပါတီမှ အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်၏ပါတီတွင်း ဒီမိုကရေစီနည်းလမ်းမကျသောလုပ်ဆောင်ချက်များ၊ ဆုံးဖြတ်ချက်မှားယွင်းမှုများ၊ ထိပ်တိုက်တွေ့ဆုံရေးလမ်းစဉ် မစွန့်လွှတ်နိုင်မှုများ၊ အမျိုးသားညီလာခံပြီးစီးလျှင် တပ်မတော်၏ပါဝင်လာမည့်အခန်းကဏ္ဍများကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် သိလိုသည့်မေးခွန်းများ ဆက်လက်မေးမြန်းကြရာ တက်ရောက်လာသော ပရိသတ်များထဲမှ ဦးညွန့်မောင်(လှိုင်သာယာ) ကလည်းကောင်း၊ တက်ရောက်လာသောဂျာနယ်များမှ ကနောင်ဂျာနယ်မှ စာတည်းမှူးချုပ် ဦးတင်အောင်ရွှေ၊ ပေါ်ပြူလာဂျာနယ်မှ အယ်ဒီတာချုပ်ဦးဟိန်းလတ်၊ လယ်ယာစီးပွားဂျာနယ်မှ အယ်ဒီတာချုပ် ဦးမြတ်စိုးတို့က သိလိုသည်များမေးမြန်းကြရာ ဒီမို NLD မှ ဦးဘိုသောင်း၊ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေးကျောင်းတော်သားစုမှ ဦးအုန်းလွင်၊ နုတ်ထွက် NLD မှ ဒေါ်နန်းရွှေကြာ၊ ခေတ်သစ်နိုင်ငံရေးသိပ္ပံ နိုင်ငံရေးဘောဂဗေဒလေ့လာရေး ကျောင်းတော်သားစုမှ အထွေထွေအတွင်းရေးမှူး ဦးထွန်းအောင်ကျော် (စာရေးဆရာအောင်မိုးစံ)တို့မှ ပြန်လည်ဖြေကြားပြီး အခမ်းအနားကို ညနေ ၅နာရီခန့်တွင် အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

**တင်ဝင်းအောင်**

## ယနေ့နိုင်ငံရေးမေးခွန်းများရဲ့အဖြေများ



**ဦးထွန်းအောင်ကျော်**
**(စာရေးဆရာအောင်မိုးစံ)**

**'တပ်မတော်အစိုးရ အုပ်ချုပ်မှုဘာကြောင့် တာရှည်နေရသလဲ' လို့မေးထားပါတယ်။**

ဖြေ။ ။ ပြည်တွင်းနိုင်ငံရေး တည်ငြိမ်မှုမပျက်ပြားရေး၊ ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာဖို့အခြေခံလိုအပ်ချက်တွေ တည်ဆောက်နိုင်ရေး၊ ပြည်ပကအချုပ်အခြာအာဏာကို ဝင်ရောက်စွက်ဖက်စော်ကားမှု အန္တရာယ်ကကာကွယ်နိုင်ရေး၊ ငြိမ်းချမ်းချောမွေ့စွာ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် ထိန်းထိန်းသိမ်းသိမ်း လုပ်ကိုင်နေရမှုအပေါ်မှာ တည်နေပါတယ်။

**'ဒေါ်အောင်ဆန်းစုကြည်ကို သက်တမ်းထပ်တိုးတဲ့အပေါ်ဘယ်လိုမြင်ပါသလဲ' လို့မေးထားပါတယ်။**

ဖြေ။ ။ ဒီကိစ္စအပေါ် ၁၆–၅–၀၇ ရက် နိုင်ငံရေးဆွေးနွေးပွဲမှာ ကြိုပြီးပြောထားပြီးသားပါ။ ထပ်ပြီးပြောရမယ်ဆိုရင် အဖမ်းအဆီးတွေမရှိရဘဲ အုပ်ချုပ်ရရင်အစိုးရက ပိုပြီးသဘောကျမှာပါ။

ကျွန်တော်တို့လည်း ဘယ်သူ့ကိုမှ အရေးယူမခံစေလိုပါဘူး။ ဒါပေမယ့် အရေးယူသင့်တဲ့လူကို မယူဘူးဆိုရင် လူ့အဖွဲ့အစည်း ဘယ်လိုဖြစ်လာမလဲ။ ဒေါ်အောင်ဆန်းစုကြည် လွှတ်ပေးရေးကို ပြည်တွင်းပြည်ပအင်အားစုအချို့ တောင်းဆိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည် လွှတ်ပေးရေးတောင်းသူတွေဟာ ဒေါ်အောင်ဆန်းစုကြည်ကို တစ်ဖက်သတ်ထောက်ခံပြီး မြန်မာပြည်သူတွေအပေါ် အမေရိကန်နဲ့ အနောက်အုပ်စုစီးပွားရေးပိတ်ဆို့မှုတွေ ရပ်ဆိုင်းဖို့ကိုလည်း တောင်းဆိုသင့်တယ်။ အဲဒီလိုမဟုတ်ဘဲ ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးတစ်ခုတည်းကိုသာ တောင်းဆိုရင် ဒေါ်စုကြည်က ဆန့်ကျင်အုံကြွမှု ဖန်တီးလိုက်၊ ပြန်ထိန်းသိမ်းလိုက် ဖြစ်နေမယ်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းစွာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဆန့်ကျင်ရင် အစိုးရကလည်း လက်ပိုက်ကြည့်နေနိုင်မယ်မဟုတ်ဘူး။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်အစိုးရအပေါ် သဘောထားမှန်ရေးဟာ အဓိကကျပါတယ်။

အခုလို ပြည်တွင်းက အင်အားစုတွေကို ပြည်ပကသွေးထိုးအားပေးနေသရွေ့ လွတ်လပ်ခွင့်တွေကို တစ်စုံတစ်ရာ ထိန်းကျောင်းနေမှာပဲ။ ဒီကနေ့ အမေရိကန်နိုင်ငံမှာလည်း လူဝင်မှုဥပဒေတွေကို ထိန်းကျောင်းလာတယ်။ ပြည်တွင်းလုံခြုံရေးအတွက် ဖုန်းလိုင်းတွေကြားဖြတ်နားထောင်တာတွေ ရှိလာပါတယ်။

**''ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေးကျောင်းတော်သားစုဟာ အနောက်အုပ်စုဆန့်ကျင်ရေးကို အဓိကလုပ်နေတယ်။ တပ်မတော်အစိုးရအလိုကျ လုပ်တာလား''** လို့ပြည်သူထဲက မေးထားပါတယ်။

ဖြေ။ ။ ကျွန်တော်တို့ အမေရိကန်နဲ့ အနောက်နိုင်ငံတွေအပေါ် ဦးတည်ဝေဖန်နေတာဟာ ကျင့်သုံးတဲ့ စနစ်ကို ဝေဖန်တာဖြစ်တယ်။ တပ်မတော်အစိုးရဘက်က ရပ်တည်ဝေဖန်တာမဟုတ်ဘူး။ အဲဒီလိုထင်မြင်သူတွေဟာလည်း မြေရှင်နဲ့အရင်းရှင်စနစ်ကို မခွဲခြားနိုင်သူတွေ၊ နိုင်ငံရေးဘောဂဗေဒ အမြင်မရှိသူတွေ၊ အမေရိကန်နဲ့အနောက်အုပ်စု အပေါင်းအပါတွေ လုပ်သမျှ အကြွင်းမဲ့ထောက်ခံနေသူတွေသာ ဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့အမေရိကန်နဲ့ အနောက်အုပ်စုနိုင်ငံတွေကို ဝေဖန်ရေးသားနေတာဟာ စက်မှုအရင်းရှင်စနစ်ကို ဝါးမြို့နေတဲ့မြေရှင်စနစ်ကို ဝေဖန်တာဖြစ်တယ်။ မြေရှင်တစ်ပိုင်း၊ အရင်းရှင်စနစ်ကို ဝေဖန်တာဖြစ်တယ်။ အဲဒီလို စက်မှုဖွံ့ဖြိုးပြီး အရင်းရှင်နိုင်ငံတွေကို ပုဂ္ဂလိကမြေရှင်စနစ် ဝါးမြိုခံနေရတဲ့အတွက်

ပုဂ္ဂလိကမြေရှင်စနစ်နဲ့ မြေရှင်ကိုယ်စားလှယ်အစိုးရတွေ ပပျောက်ရေးဟာ ကမ္ဘာ့ပြည်သူ တစ်ရပ်လုံးအတွက် ဦးစားပေး ကြိုးပမ်းရမယ့်အရေးဖြစ်လို့ အမေရိကန်နဲ့ အနောက်နိုင်ငံတွေမှာ ကြီးစိုးနေတဲ့ ပုဂ္ဂလိကမြေရှင်စနစ်နဲ့ မြေရှင်ကိုယ်စားလှယ် အစိုးရတွေကို ဝေဖန်ဆန့်ကျင်တာဖြစ်ပါတယ်။

**‘‘နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပြီးရင် ပါတီထောင်ပြီး ရွေးကောက်ပွဲဝင်ဖို့ အစီအစဉ်ရှိသလား’’** လို့မေးထားပါတယ်။

ဖြေ။ ။ ကျွန်တော်တို့အဖွဲ့ဝင်ကိုယ်စားလှယ်စုံညီ ညီလာခံတစ်ခုခေါ်ပြီး ပါတီထောင်သင့်၊ မသင့် ဆုံးဖြတ်မှာပါ။ ပါတီထောင်ဖြစ်ရင် ထောင်မယ်။ မထောင်ဖြစ်ရင် လက်ရှိမူဝါဒသုတေသနလုပ်ငန်းအဖြစ်နဲ့ ကျယ်ပြန့်စွာရပ်တည်သွားဖို့ ရည်ရွယ်ထားပါတယ်။

ထွန်းအောင်ကျော်
အထွေထွေအတွင်းရေးမှူး